နန်းမားကြီးကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆- ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နန်းမားကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တဘ်ာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

နန်းမားကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား   ၉    ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀   ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား   ၁၁  ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား   ၁၂  ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား   ၁၃  ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား   ၁၄  ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား   ၁၅  အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား   ၁၆  ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား   ၁၇  သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား   ၁၈  သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား   ၁၉  မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား   ၂၀  မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား   ၂၁  မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား   ၂၂  စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား   ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား   ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား   ၂၄  ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား   ၂၅  ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား   ၂၆  ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား   ၂၇  ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား   ၂၈  ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား   ၂၉  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား   ၃၀  မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား   ၃၁ ကျောင်းတက်နှုန်း
ဇယား   ၃၂  စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား   ၃၃  ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား   ၃၄ အဖြစ်များသော ရောဂါများ
ဇယား   ၃၅  လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား   ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နန်းမားကြီးကျေးရွာ
မိုးညှင်းမြို့နယ်

## နန်းမားကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

နန်းမားကြီးကျေးရွာသည် မိုးညှင်းမြို့နှင့်(၁၀)မိုင်အကွာတွင် တည်ရှိပြီးမီးရထားလမ်း အနောက်ဘက်ခြမ်းတွင်တည်ရှိပါသည်။မီးရထားလမ်းအရှေ့ဘက်ခြမ်းတွင်ပြည်ထောင်စုလမ်းမကြီး လည်းရှိပါသည်။အရှေ့ကားလမ်းမကြီးနှင့်အနောက်ကားလမ်းမကြီးကြားတွင်နန်းမားကြီးကျေးရွာတ ည်ရှိပြီးဆက်သွယ်ရေးလမ်းများလည်းရှိသည်။ကျေးရွာတွင်းလမ်းမကြီးသည်မိုးရာသီ၌အလွန်ဆိုးဝါး ပါသည်။

ကျွန်ုပ်တို့ကျေးရွာ၏အနောက်ဘက်တွင်စိမ့်စမ်းရေကန်ရှိသော်လည်းရေများမရရှိ၍ကျေးရွာ သူကျေးရွာသားများမှအခက်အခဲများစွာရှိပါသည်။ကျေးရွာရှိတည်နေရာသည်မြေပြန့်လွင်ပြင်တွင်တ ည်ရှိပြီးအဓိကအသက်မွေးဝမ်းကြောင်းမှာလယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည်။လယ်ယာ များရိတ်သိမ်းပြီးချိန်တွင်မြေပဲ၊ပဲပုတ်စသည့်သီးနှံများကိုစိုက်ပျိုးကြသည်။ရွာ၏အနောက်ဘက်တွင် ချောင်းကိုဖြတ်ရသောအောင်စေတံဟိန်းတံတားတည်ဆောက်ထားပါသည်။ဤတံတားမှာယာဉ်ကြီး များဖြတ်သဖြင့်ပျက်စီးနေပါသည်။ကျေးရွာတွင်း၌လည်းလျှပ်စစ်မီးများရရှိပြီးသာယာပျော်ရွှင်ဖွယ် ကောင်းလှပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသ ဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင်သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူအချို့မှာမြို့သစ်ကလေး ရေလွှဲဆည်မှ ဆည်ရေဖြင့်သာ လယ်ယာမြေဧက(၃၅၀)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ အချို့မှာဖွံ့ဖြိုးရေးဆည်မှရရှိပါသည်။ မြေအောက်ရေအသုံးပြုမှုနည်းပါသည်။ အချို့တောင်သူများမှာ လည်းမိုးရေခံဖြင့်လှောင်၍စိုက်ပျိုးရသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၅၂၂.၅)ဧကရှိပြီးစံပါးနှင့် မြေပဲကိုအဓိကစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၇၀)စုနှင့်ကျား(၂၀၉)၊ မ(၂၀၂)ဦးဖြင့် လူဦးရေပေါင်း(၄၁၁)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် များပြားသည်။ ကျေးရွာတွင်ရှမ်း/ ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၇%ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်လာအောင်စွမ်းဆောင် နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက်ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ ၆၀%သည်ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဖြစ်ခံယူကြပြီး ၁၆%သည်ချမ်းသာသည့်အဆင့် ၂၃% သည်အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့်ကျေးရွာစီးပွားရေးအနေအထားမှာအသင့်အတင့်ကောင်းသည် ဟုပြောနိုင်သည်။ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင်အခြားအိမ်ထောင်စုလယ်သမား အချို့မှာလည်းလက်သမား၊ဆန်ကြိတ်စက်၊သစ်ခွဲစက်စသောအသေးစားအိမ်တွင်းလုပ်ငန်းများတွင်လ ည်းပါဝင်ဆောင်ရွက်ကြသည်။ငွေချေးသောအိမ်ထောင်စုအချို့နှင့်အစိုးရဝန်ထမ်းအချို့လည်းငွေရေး ကြေးရေးအသင့်အတင့်အဆင်ပြေကြသည်။ယင်းတို့အနက်ဆင်းရဲအဆင့်သည်ကျေးရွာတွင်အများ ဆုံးဖြစ်ပြီးမြေယာအနည်းငယ်ပိုင်သောလယ်သမားများလက်လုပ်လက်စားဆောက်လုပ်ရေးလုပ်ငန်း ခွင်လုပ်သားများနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေ အတွက်မြင့်မားပြီး(၃၆%)အထိရှိကာဆင်းရဲ၊အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း ၊ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊သစ်ခွဲစက်၊ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်သည်။ ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏(၃၆%)ဖြစ်သော (၂၅)စုကိုလေ့လာဆန်းစစ်မှုအရယင်းတို့၏ (၁၀%)မှာ သူတပါးထံမှာချေးငှားပြီးနပ်မှန်စားသုံးနိုင်ကြောင်း၊ (၁၁%)မှာသူတပါးဆီမှမချေးငှားပဲ

သုံးလခန့်စားသုံးနိုင်ကြကြောင်း(၇%)မှာသုံးလမှငါးလခန့်(၁၁%)မှာခြောက်လမှဆယ့်နှစ်လခန့်သူတပါးထံမှချေးငှားစရာမလိုပဲနပ်မှန်စားသုံးနိုင်ကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည်အကြွေးငွေ၂၀၀၀၀၀ကျပ်မှသိန်း၁၀၀ကျပ်ထိတင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏(၁၁%)ခန့်သည် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများဖြစ်ကြပြီးထိုအိမ်ထောင်စုများမှာဆင်းရဲကာမိသားစုဦးရေများပြားလာကြသည်။ အလားတူ မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သည့်အိမ်ထောင်စု(၂)စုသည်ဆင်းရဲသည့်ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။ အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာမသန်စွမ်း(၅)ဦးနှင့် မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့်သက်ကြီးရွယ်အို(၁၉)ဦးတို့ဖြစ်ကြသည်။ ရွာပြင်ပတို့သွားရောက်ပြီးဝင်ငွေရရှိရေး အတွက်အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့်ကူးစက်တတ်သည့်ရောဂါများ၊အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ရှိတတ်ကြသည်။

ယခုနှစ်ပိုင်းတွင်အဝေးပြေးကားလမ်းမ ပေါ်တည်ရှိ၍ယာဥ်မတော်တဆမှုများပြား လာခဲ့သည်။လွန်ခဲ့သောနှစ်ကယာဥ်မတော်တဆမှု(၅)မှုဖြစ်ပွားခဲ့ပြီးရွာသားအချို့ထိခိုက်ဒဏ်ရာရ မှုများရှိခဲ့သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအာဟာရပြည့်ဝမှုရှိကြသည်။ ကလေးသူငယ်အများစုမှာလည်းကျန်းမာကြသည်။ သွေးလွန်တုတ်ကွေး ရောဂါမှာယခုနှစ်ပိုင်းတွင်ပိုမိုဖြစ်ပွားမှု ရှိကြောင်းတွေ့ရသည်။ ရပ်ရွာအတွင်းရှိ အမျိုးသမီး၊ လူငယ်၊လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းမှု ရှိကြပါသည်။ ကျန်းမာရေးအသိအမြင်များရှိကြပါသည်။ကျေးရွာသားများအနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုကျေးရွာတွင်မရကြဖြင့်(၂)မိုင်လောက်ဝေးသောကျန်းမာရေးဌာနသို့ခက်ခဲစွာသွားရပါသည်။ ကျေးရွာတွင်း လူမှု ကူညီရေးကားများမရှိသဖြင့် အရေးပေါ်လူနာများမှာ ဒုက္ခရောက်ရပါသည်။ သို့သော်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီ သလောက်ရှိ ပါသည်။

ကျေးရွာတွင်းလက်နှိပ်တုံတင်၊ မော်တာသုံးတုံးကင်များမှမြေအောက်ရေကို အလွယ်တကူရရှိနိုင်ကြပြီးဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊အစာအိမ်ရောင်စသောရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် မြင့်မားကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကိုအနည်းငယ်တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာအသင့်အတင့်များပြားသည်။ဒါပေမဲ့ဘွဲ့ရပညာတတ်များသည်လည်းအလုပ်လက်မဲ့များပြားကြောင်းတွေ့ရသည်။ကျေးရွာတွင်းအခြေခံပညာရေးမှာမူလတန်းအဆင့်လောက်တာရှိပြီးအလယ်တန်း၊အထက်တန်းပညာရေးကိုတော့အခြားရွာသို့သွားပြီးဆက်လက်ပညာသင်ကြားရပါသည်။သို့သော်အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုပညာရေးမှာလည်းအရာရာနှိမ့်ကျပြီးခေတ်ပညာတတ်လူငယ်များအတွက်အလုပ်အကိုင်နည်းပါးရခြင်းဖြစ်ပါသည်။ အလုပ်အကိုင်များနည်းပါးခြင်း စီးပွားရေးအခက်အခဲပြဿနာများနှင့်လည်းကြုံတွေ့ရပါသည်။

(စ)ကျား-မရေးရာဆိုင်ရာ

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သောအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရှိရပါ။စားဝတ်နေရေးကိစ္စအရပ်ရပ်များကိုလည်း ကျား-မအတူတူလုပ်ကိုင်နေကြကြောင်းကိုလည်းတွေ့ရှိရပါသည်။

ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်သာမာန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်သည်။ပညာရေးနှင့်ဆိုင်သောကိန်းဂဏာန်းများတွင်မူလတန်းအဆင့်၌မိန်းကလေးအရေအတွက်သည်ယောကျ်ားလေးအရေအတွက်ထက်နည်းနေသော်လည်းအလယ်တန်းနှင့်အထက်တန်းများတွင်မ အရေအတွက်မှာကျားအရေအတွက်ထက်ပိုများနေ၍အမျိုးသမီးများအတွက်ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာအမျိုးသားများနှင့်အမတူတူပင်ဖြစ်ပါသည်။သို့သော်ကျေးရွာတွင်နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများမှာပိုမိုရကြသည်။ဥပမာအားဖြင့်လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်မှုတူညီသော်လည်းအမျိုးသမီးများသည်အမျိုးသားများထက်လုပ်အားလျော့နည်းပြီးရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်အမျိုးသမီးပါဝင်မှုမှာအလွန်လျော့နည်းလျှက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပက်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့်ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၆)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွါးရေးဆိုင်ရာ (၁)ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့များအနက်ပြင်ပမှဖွဲ့စည်း ပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့်အမျိုးသမီးရေးရာအဖွဲ့မှာလှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။နာရေကူညီမှုအသင်းမှာရပ်ရွာတွင်ဖွဲ့စည်းခြင်းမရှိသောကြောင့်အရေးပေါ်လူနာတချို့မှာဒုက္ခရောက်ရပါသည်။မြန်မာ့အသေးစားငွေကြေးအဖွဲ့ကိုပြင်ပမှဖွဲ့စည်းပေးထားပြီးအသေးစားငွေစုငွေချေးလုပ်ငန်းကိုလည်ပတ်ဆောင်ရွက်လျက်ရှိသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပက်သတ်၍အားနည်းကြပြီးအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်၊မြေပဲကိုအဓိကအားစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၅၂၂.၅)ရှိပြီး သီးထပ်အဖြစ်မြေပဲ(၅၈)ဧကနှင့် အချို့မှာပဲပုတ်(၂၅)ဧကကိုစိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ(၈၀.၅)တင်းနှင့်မြေပဲ(၂၀)တင်း၊ ပဲပုတ်(၅)တင်းနှုန်းတို့ထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီးစိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်းတောင်သူများအတွက်ဝန်ဆောင်မှုများပေးသည်။တောင်သူအများစုသည်လယ်ယာလုပ်ငန်းခွင်အတွက်အလုပ်သမားမလုံလောက်မှုပြသာနာကိုရင်ဆိုင်ရတတ်ပြီးလုပ်အားခပိုမိုပေးမှအလုပ်သမားများကိုငှားရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာအလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကိုကျော်လွှားနိုင်ရန်စပါးစိုက်ရန်တွင်ကြဲပက်စနစ်ကိုသုံးကြသည်။တောင်သူများသည်တခါတရံတွင်မိုးရွာသွန်းမှုမညီမျှမှုရင်ဆိုင်ရတတ်သည်။မြေပဲစိုက်ခင်းနှင့်ပဲပုတ်စိုက်ခင်းများတွင်ဖျက်ပိုးကျရောက်မှုကိုပိုမိုတွေ့ရပြီးယင်းဖျက်ပိုးများသည်ပိုးသတ်ဆေးတချို့ကိုခံနိုင်စွမ်းရှိကြသဖြင့်တောင်သူများအနေဖြင့်ထိရောက်သောဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။

ကျေးရွာတွင်ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာတစ်ရွာလုံး၏(၄၆%)ဝန်းကျင်သာရှိပြီးဒေသမှဝက်မျိုးများကိုမွေးမြူကြသည်။ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်းတစ်ရွာလုံး၏(၇၄%)ခန့်ရှိပြီးဈေးကွက်တွင်ဝယ်လိုအားရှိသည်။ရာသီအလိုက်ဖြစ်ပွားတတ်သောတိရစ္ဆာန်ရောဂါများအထူးသဖြင့်ကြက်လည်လိမ်ရောဂါသည်အဖြစ်များပြီးရောဂါကြောင့်သေဆုံးပျက်စီးမှုများရှိတတ်သည်။

နည်းပညာဝန်ဆောင်မှုကိုမြို့နယ်မွေးကုဦးစီးဌာနမှရရှိနိုင်သော်လည်းဝန်ထမ်းမလုံလောက်မှုကြောင့်လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာအဟန့်အတားများအနေဖြင့်ဆင်းရဲသောအိမ်ထောင်စုများကမွေးမြူရေးလုပ်ငန်းများတည်ထောင်၊တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြချေ။ရွာထဲမှငွေချေးသူများထံမှချေးငှားလျှင်လည်းအတိုးနှုန်းမှာမြင့်မားတတ်သည်။ကျေးရွာတွင်မွေးမြူရန်ရေမြေနေရာအဆင်မပြေသောကြောင့်ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်း၊ခေါင်းရွက်ဗျက်ထိုး၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်သည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့်အမျိုးအစားအလိုက်တွက်ချေကိုက်မှုအနည်းအပါးမှအသင့်အတင့်အနေအထားတွင်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီးကျန်အချိန်များတွင်အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့်တွက်ချေကိုက်မှုနည်းပါသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီးထိုအခြေအနေမှာကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင်အသက်မွေးဝမ်းကြောင်းသင်တန်းအချို့ကိုဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊မော်တော်ဆိုင်ကယ်ပြင်၊ကားမောင်း၊ဝပ်လျှော့စသည်တို့သည်အသက်မွေးဝမ်းကြောင်းသင်တန်းများဖြစ်ကြသော်လည်းရွာသားအများစုသည်အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းအပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျ
ကြပြီးသင်တန်းစရိတ်အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့သာအပ်ချုပ်၊စက်ပြင်စသောသင်တန်းများသို့အကြေးငွေအကုန် ကျခံကာပို့လွှတ်သင်ကြားကြသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါး၊ နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

မိုးညှင်းမြို့နယ်နန်းမားကြီးကျေးရွာတွင်မိုးတွင်းကရေကြီးရေလျှမ်းမှုဖြစ်ပွားခဲ့သော်လည်းဤကျေးရွာမှမြေမြင့်သောအပိုင်းတွင်တည်ရှိ၍ရေကြီးရေလျှမ်းခြင်းမှကွင်းလွတ်ခဲ့သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်းမုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။အခါအားလျော်စွာကျရောက်တတ်သောမိုးခေါင်ခြင်းကသဘာဝအန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း၅ကျပ်တိုး၊ တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့်အများဆုံး၁၀ဧကအတွက်ချေးယူနိုင်ကြသည်။ ကျေးရွာတွင်မြန်မာ့ငွေရေးကြေးရေးအပြည့်ပြည့်ဆိုင်ရာကုမ္ပဏီမှလာရောက်ဖွဲ့စည်းပေးသောမြန်မာ့ငွေရေးကြေးရေး အဖွဲ့ဖွဲ့စည်းထားပြီးအဖွဲ့ဝင်( )ဦးရှိကာ တစ်နှသ်အတိုးနှုန်း %ဖြင့်အသင်းဝင်များငွေချေးယူနိုင်ကြသည်။အဖွဲ့တွင်ချေးငွေကို(၁၀)လအထိချေးယူနိုင်ပြီးစည်းကမ်းပိုင်းတွင်တင်းကျပ်ထားသည်။တချို့အိမ်ထောင်စုများမှာရွာထဲမှငွေတိုးချေးစားသူများထံမှတစ်နှစ်အတိုးနှုန်း မှ ဖြင့်လည်းကောင်း၊မိတ်ဆွေ၊မိသားစုဝင်များထံမှတစ်နှစ်အတိုးနှုန်း ခန့်ဖြင့်လည်းကောင်းချေးယူနိုင်ကြသေးသည်။ကျေးရွာတွင်သမဝါယမအသင်းကိုဖွဲ့စည်းထားခြင်းမရှိသေးပါ။

ကျေးရွာသားအများစုသည်ချေးငွေကိုအကြောင်းအရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)တို့အတွက်အထူးသဖြင့်စားနပ်ရိက္ခာအတွက်ချေးယူကြပြီးကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင်းအကြွေးထားရှိမှုအခြေအနေအထားကိုလေ့လာဆန်းစစ်ချက်အရပါဝင်သောဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည်အကြွေးယူထားကြပြီးအကြွေးငွေ ကျပ်မှ အထိချေးယူထားကြောင်းတွေ့ရှိရပါသည်။ထိုအိမ်ထောင်စုများ၏ သည်အကြွေးငွေငါးသိန်းအောင်ချေးယူထားပြီး သည်ငါးသိန်းအထက်ချေးယူထား ကြောင်းတွေ့ ရှိခဲ့သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို ၇၀ ပေ၊ ၂၆ ပေ၊ ၁၂ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေ အခင်းကျောင်းဆောင်နှင့် ရှိသွပ်မိုးပျဉ်နံရံကာနှင့် ပျဉ်းခင်း ကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသားအားလုံးမှာရေးတတ်ဖတ်တတ်ကြပြီးလူဦးရေအားလုံး၏ မှာဘုန်းကြီးကျောင်းပညာရေးကိုရရှိထားကြသည်။မူလတန်းအောင်ရာခိုင်နှုန်းလည်းမ

င့်မားသည်။ယခုနှစ်ကျောင်းအပ်ခံသည့်နှုန်းထားသည်ကျေးရွာရှိမူလတန်းအရွယ်အရေအတွက်သည်ပိုများနေကြောင်းတွေ့ရှိရကာ ၄င်းမှာမူလတန်းတွင် ၉နှစ်အရွယ်ကျောင်းသားများဖြစ်သည်။ကျောင်းတွင်ပရိဘောဂတို့လုံလောက်ပြီးမူလတန်းပြဆရာ/မ(၆)ဦးရှိကြသည်။ကျောင်းတွင်တပည့်ဆရာအချိုးသည်မူလတန်းတွင်(၁:၁၁.၂)ရှိသဖြင့်ကျောင်းဆရာ/မအင်အားလုံလောက်မှုရှိသည်။လွန်ခဲ့သောကျောင်းဖွင့်ရာသီကမူလတန်းကျောင်းသား/သူများအတွက်ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကိုအခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းများမရှိပါ။ကျေးလက်ကျန်းမာရေးဆေးပေးခန်းများဖွင့်လှစ်ထားခြင်းမရှိသောကြောင့်ရွာသူရွာသားများအတွက်ကျန်းမာရေးဝန်ဆောင်မှုတို့နှင့်လက်လှမ်းမီခြင်းမရှိပါ။နန်းမားကြီးကျေးရွာသည်လျှပ်စီးမီးရရှိသောကျေးရွာဖြစ်သည့်အလျောက်သာယာပျော်ရွှင်ဖွယ်ကောင်းသောရွာလေးဖြစ်ပါသည်။

သောက်ရေအတွက်လက်နှိပ်တုံတင်နှင့်မော်တာသုံးရေတုံတင်များတပ်ဆင်သုံးစွဲကြပြီးလုံလောက်မှုရှိသည်။ချမ်းသာသောအိမ်ထောင်စုများကအိမ်သာကျင်းကိုအုတ်ဖြင့်ဆောက်လုပ်ထားကြပြီးဆင်းရဲသောအိမ်ထောင်စုများကဝါးရိုင်းပတ်ဖြင့်ဆောက်လုပ်သုံးစွဲကြသည်။တစ်ရွာလုံးနီးပါးယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့်ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှုများနည်းပါးသည်။စာသင်ကျောင်းတွင်လည်းကျောင်းအိမ်သာမှာစနစ်တကျဆောက်လုပ်ထားပြီးကျောင်းသူ/သားများအတွက်အသုံးပြုရန်လွယ်ကူသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပေမဲ့ကျေးရွာလူမှုရေးလုပ်ငန်းများတွင်တက်တက်ကြွကြွပါဝင်လုပ်ဆောင်ကြသည်။ဘာသာရေးပွဲတော်များတွင်လည်းရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ဗုဒ္ဓယဉ်ကျေးမှု ဓမ္မစကူး၊ ဘာသာရေးပွဲတော်များမှာလည်းတက်ရောက်ကြသည်။အခါကြီးဝါအတွင်းအချိန်တိုင်းတွင်လည်းအဘိဓမ္မာတရားတော်မြတ်ကိုလည်းရွတ်ဖတ်ပူဇော်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဇ)** အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိလမ်းများမှာမြေသားလမ်းများဖြစ်ကြသည်။ မိုးရာသီအချိန်၌ လမ်းပန်းဆက်သွယ် ရေး မှာလည်း အခက်အခဲများတွေ့ရှိရသည်။ ကျေးရွာအတွင်းမှရွာသူရွာသားများမှာလည်းစည်းလုံးညီညွတ်မှုမရှိကြပါ။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲပွင့်လင်းရာသီ၌ လမ်းပန်းဆက်သွယ်ရေးအတွက်မောတော်ဆိုင်ကယ်နှင့်စက်ဘီး၊ထော်လာဂျီ၊ထရပ်ကားတို့ကိုအသုံးပြုလျှက်ရှိကြသည်။

ကျေးရွာတွင်လျှပ်စစ်မီးကို၂၀၁၅ခုနှစ်မှစပြီး ဆက်သွယ်ထားရှိပြီးကျေးရွာရှိ အိမ်ထောင်စုအားလုံး၏(၆၄%)ခန့်သည်သွယ်တန်းအသုံးပြုနေကြပြီးဖြစ်ပါသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများ အတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုမှုမှာအသင့်အတင့်မျှသာ ကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ ဆက်သွယ်မှုအားကောင်းနေသောကြောင့်လူငယ်အများစုမှာလည်း အသက်မွေးဝမ်းကြောင်းကိုစိတ်မဝင်စားပဲလိုင်းပေါ်မှာသာအချိန်ကုန်လေ့ရှိကြသည်။ ကျေးရွာတွင်စာကြည့်တိုက်များမရှိသောကြောင့် လူငယ်အများစုမှာဗဟုသုတအသိပညာများနည်းပါးပါသည်။ ရွာသားများသည်သတင်းစာ၊ ဂျာနယ်တို့ကိုလည်းဝယ်ယူဖတ်ရှုစရာမရှိကြပဲတစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာအတော်အသင့်ကောင်းမွန်ကြောင်းကိုတော့တွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက်လိုအပ်သလို ဆက်သွယ် သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်းချိတ်ဆက်ဆောင်ရွက် ထားသူမရှိသလောက်ပင် ဖြစ်သည်။ ရပ်ရွာ၏အခြေအနေ မှာတော့အေးချမ်းသာယာပြီးမိသားစုဝင်အများစုမှာအလွန်စိတ်ညစ်နေပါသည်။အဘယ့်ကြောင့်ဆိုသော်သားသမီးများကမူးယစ်ဆေးဝါးသုံးစွဲနေသောကြောင့်ဖြစ်သည်။ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ရွာသားများသည်မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့်သူခိုး၊ဓါးပြများကိုသက်ဆိုင်ရာရဲစခန်းများတို့အလွယ်တကူဆက်သွယ်ရရှိနိုင်ပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင်လျှပ်စစ်မီးကိုမဟာဓါတ်အားလိုင်းမှချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့်ထင်းသက်သာသည့်လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ကျောင်းသူကျောင်းသားများအတွက်စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသောလူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက်အထောက်အကူပြုသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကြောင်းသင်တန်းများကိုလူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့်လူသားအရင်းအမြစ်များကိုတိုးတက်

ကောင်းမွန်စေပါမည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများသို့လည်းအလွယ်တကူလက်လှမ်းမှီသလေလောက်ရှိပါသည်။ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်းမိုးညှင်းခရိုင်၊မိုးညှင်းမြို့နယ်ပြည်သူ့ဆေးရုံနှင့်နန်းမားပြည်သူ့ဆေးရုံသို့သွားရောက်ပြီးဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာလက်ရှိပညာရေးအနေအထား အတွက် ကောင်းသောအဆင့်တွင်ရှိကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီးမြေဆီမြေဩဇာအတော်အသင့်ကောင်းမွန်သည်။တောင်သူများလည်းလယ်ယာထွက်ကုန်များကိုအလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။မိုးရွာသွန်းမှုမှာစပါးနှင့်ဆောင်းသီးနှံများစိုက်ပျိုးရန်အထောက်အပံ့ဖြစ်သည်။ကျေးရွာသည်မိုးညှင်းခရိုင်၊မိုးညှင်းမြို့များသို့ကတ္တရာလမ်း၊ရားလမ်းတို့ဖြင့်ကူးသန်းသွားလာနိုင်သည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့်ကျေးရွာထွက်ကုန်များကိုအချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင်မွေးမြူရေးထွက်ကုန်ရောင်းချရန်ဈေးကွက်ကောင်းသဖြင့်အထူးသဖြင့်ကြက်နှင့်နွား၊ဝက်တို့ကိုတိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။သို့သော်မွေး/ကုဦးစီးဌာနမှလိုအပ်သောနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်းတိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်သည်။ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိလယ်ယာမြေများမှာမြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပအခြားသယံဇာတများမထွက်ရှိပါ။လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့်လယ်သမားများအဖို့အထွက်နှုန်းတိုးမြှင့်အောင်အားစိုက်ရပေမည်။

မြို့သစ်ကလေးဆည်မှရေသွယ်စိုက်ပျိုးနိုင်သော်လည်းနောက်ပိုင်းတွင်ရေသွယ်မြောင်းတိုးချဲ့ဆောက်လုပ်ပြီးရေသွင်းစိုက်ပျိုးနိုင်မည့်စိုက်ဧကတိုးတက်လာစေရန်ဆောင်ရွက်သင့်ပါသည်။ထို့အပြင်ပိုးသတ်ဆေးအချို့ကိုခံနိုင်သောဖျက်ပိုးများလည်းပဲပုတ်စိုက်ခင်းများတွင်ကျရောက်တတ်သည်။မြို့

နယ်စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်းဖျက်ပိုးနိုင်နင်းရေးနှင့်ပက်သတ်၍ထိရောက်စွာအကောင်အထည်ဖော်ပေးသောအစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန်လိုအပ်သည်။ကျေးရွာတွင်ငွေတိုးချေးသူများရှိသော်လည်းအတိုးနှုန်မှာမြင့်မားတတ်သည်။ဘဏ်များမှကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲချေးငွေလိုအပ်သောအိမ်ထောင်စုများမှာစီးပွားရေးဘဏ်မှ၊ဖွံ့ဖြိုးရေးဘဏ်များမှငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာများတွင်အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက်အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်းအိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက်ကုန်ကြမ်း၊တတ်သိပညာ၊အထိအတွေ့တို့အားနည်းသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကိုတိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့်ကလေးငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်ကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးငွေ၊နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက်မြို့နယ်ရှိဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများရရှိပါကစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက်ခွဲဝေချထားပေးမည်။အလားတူပင်ကျေးရွာတွင်စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက်သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများကတဖန်ကျေးရွာတွင်ရရှိထားသောနည်းပညာများကိုမျှဝေပေးပြီးမိမိတို့ကိုယ်တိုင်ကလည်းကိုယ်ပိုင်လုပ်ငန်းများတွင်အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန်သင့်တော်သောသင်တန်းသားများကိုတက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည်သင်တန်းသားများအတွက်ကျွမ်းကျင်မှုများကိုတိုးပွားရရှိစေပြီးဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန်အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီးမူကြိုကျောင်း တစ်ဆောင် ဆောက်လုပ်ခြင်းဖြင့်ကလေးများ၏အရည်အချင်းတိုးမြင့်လာရေးအတွက်ဆောင်ရွက်မည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီးအထက်တန်းကျောင်းခွဲတွင်ဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသောဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။၊ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင်စပါးအပြင်မြေပဲနှင့်ပဲပုတ်ကိုသီးထပ်အဖြစ်စိုက်ပျိုးကြသည်။တောင်သူများအတွက်သီးနှံဖျက်ပိုးကျရောက်ခြင်းသည်အဓိကပြဿနာတစ်ရပ်ဖြစ်ပြီးဖျက်ပိုးထိရောက်စွာနှိမ်နင်းနိုင်ရေးအတွက်နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နင်းရေးအတွက်သက်ဆိုင်ရာဦးစီးဌာနမှဝန်ဆောင်မှုများကိုရသော်လည်းစိုက်ပျိုးရေးထွက်ကုန်ရောင်းချသည့်ပုဂ္ဂလိကအရောင်းဆိုင်များကိုမှီခိုအားထားမှုပိုများသည်။သီးနှံဖျက်ပိုးများသည်ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာတောင်သူများအတွက်သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနကဦးစီးဦးရွက်ပြုသင့်သည်။

**(ဂ) ငွေရေးကြေးရေးနှက့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူ နှင့်တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့်လယ်ယာသမားနှင့်အသေးစားလုပ်ငန်းရှင်များသည်စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ကျေးရွာတွင်သမဝါယမ အသင်းဖွဲ့စည်း

ထားခြင်းမရှိသေးသဖြင့်မြို့နယ် သမဝါယမအသင်း ကချေးငွေလိုအပ်သူရွာသားများ အတွက်ချေးငွေအစီအစဉ်ကိုဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီးအလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန်အထူးသဖြင့်လူငယ်နှင့်အမျိုးသမီးများအတွက်အခွင့်အလမ်းရှိသည်။သို့သော်၄င်းတို့အတွက်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များလက်လှမ်းမီမှုတွင်အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏အမျိုးအမျိုးကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်း)အတွက်လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကိုကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ထည့်သွင်းရေးသွင်းရန်ခက်ခဲပါသည်။ကျွန်တော်တို့ကျေးရွာမှအသေးစားလုပ်ငန်းအတွက်အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များယခုအခါအဆင်သင့်မတွေ့ရသေးပေ။နိုင်ငံတော်အစိုးရအနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီးမြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်တချို့နှင့်တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊မြို့နယ်ဒေသမှသည်ကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်လုံလောက်သောရန်ပုံငွေရှိရပါမည်။

**(င)ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင်ရွာသေးလေးဖြစ်သည့်အတွက်ဈေးဆိုင်များသာရှိပြီးဆိုင်ခန်းနှင့်ယာယီဈေးများမရှိပါ။အခြားရွာတို့သွားမှသာတွေ့ရပါသည်။လူကြီးခရီးစဉ်ကြုံကြိုက်စဉ်တို့တွင်ဈေးရောင်းချမှုကိုရွှေ့ဆိုင်းရတတ်သည်ကိုလည်းမတွေ့ရပါ။မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများကရေသန့်ရှင်းရေးစနစ်နှင့်လမ်းတို့စနစ်တကျပါဝင်သည့်ဈေးအဆောက်အဦတစ်ခုတည်ဆောက်ပေးရန်ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။နန်းမားကြီးကျေးရွာအပြင်အနီးပတ်ဝန်းကျင်မှရွာသူရွာသားအချို့အတွက်လည်းအကျိုးခံစားမှုရရှိနိုင်ပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည်အကောင်အည်ဖော်မည့်ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနိုင်စေမည့်ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည် ဖော်မှုဆိုင်ရဦးအဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

